ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
## ကြာကန်ဒိတ်ကျေးရွာ၊ ရွှေပျောက်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်　　　　ကျောက်တန်းမြို့

မာတိကာ

၁။ ကျောက်တန်းမြို့နယ် မြေပုံ-------------------------------------------------------------------------------------------------------------၂

၂။ ရွေ့ပြောက်ကျေးရွာအုပ်စုမြေပုံ -------------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ---------------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -----------------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/ PSA ) အကျဉ်းချုပ် ----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ---------၇ မှ ၁၃

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ ---------------------------------------------၁၄

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၅ မှ ၁၆

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၇ မှ ၁၈

၁၀။ကျေးရွာကော်မတီစာရင်း -----------------------------------------------------------------------------------------------------၁၉

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ -------------------------------------------------------------------၂၀ မှ ၂၂


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ------------------------------------------------------------၂၂ မှ ၂၄

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် --------------------------------------------၂၅ မှ ၂၆

၁၄။ အစည်းအဝေးမှတ်တမ်းများ -------------------------------------------------------------------------------------------၂၇ မှ ၃၀

၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ------------------------------------------------၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ရွှေပျောက်ကျေးရွာ အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ရွှေပျောက်ကျေးရွာ

၂။ ကြာကန်ဒိတ်ကျေးရွာ

၃။ ဆေးဘိုဝကျေးရွာ

၄။ အဒွတ္တော့ကျေးရွာ

၅။ ကျိုက္ကမော့ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကြာကန်ဒိတ်ကျေးရွာ သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် အနီးနားမှာရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ကြာကန်ဒိတ်ကျေးရွာ စတင်ဖြစ်ပေါ်လာခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း၁၅၀ကျော်က တည်ခဲ့သောရွာဖြစ်ပါသည်။ ကြာကန်ဒိတ်ကျေးရွာဟု ခေါ်ဆိုရခြင်းမှာ လယ်မြေထဲတွင ကြာပင်များ ‌အများအပြားပေါက်နေပြီး စပါးစိုက်ပျိုးမရသည်မှစ၍ ကြာကန်ဒိတ်ကျေးရွာဟုအမည်ပေးခဲ့ပါသည်။ ကြာကန်ဒိတ်ကျေးရွာတွင် ရေတွင်းတူး၍လည်းမရပါ။ ကျန်စစ်သားမင်းသည် အနော်ရထာမင်း၏ အမျက်မာန်ရှ၍ ထွက်ပြေးတိမ်းရှောင်လာကာ ကြာကန်ဒိတ်ကျေးရွာသို့ အရောက်တွင်မောပန်း၍ ရေတောင်းသောက်ရာ ရေမတိုက်သဖြင့် ကျိန်စာတိုက်သွားသောကြောင့် ရေတွင်းတူး၍မရခြင်း ဖြစ်ပါသည်။ ကြာကန်ဒိတ်ကျေးရွာသည် အဓိကစီးပွားရေးအနေဖြင့် စပါးစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် စားသောက်ကြပါသည်။ ကြာကန်ဒိတ်ကျေးရွာနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ကျေးရွာများမှာ အရှေ့ဘက်တွင် ကျောက်တန်းမြို့နယ် အနောက်ဘက်တွင် ရွှေပျောက်ကျေးရွာ၊ တောင်ဘက်တွင် ကျောက်တန်းမြို့နယ်၊ မြောက်ဘက်တွင် ဆေးဘိုဝကျေးရွာတို့ ဖြစ်ပါသည်။ လူမျိုးစုများအနေဖြင့် ဗမာလူမျိုး အများအပြား နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကြာကန်ဒိတ်ကျေးရွာသည် ကျောက်တန်းမြို့နယ်နှင့် ၂မိုင်ခန့်ကွာဝေးပါသည်။ ကြာကန်ဒိတ်ကျေးရွာမှ ကျောက်တန်းသို့ မိုးရာသီတွင် ဆိုင်ကယ်ဖြင့်သွားရပါသည်။ နွေရာသီတွင်ဆိုင်ကယ်၊ ကားဖြင့် သွားလာ၍ရသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထား ဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| | | | | |
| ကရင် | ၂ | ၃ | ၃ | ၆ |
| ဟိန္ဒူ | ၁ | ၂ | ၂ | ၄ |

ထိခိုက်လွယ်အုပ်စု

၅။

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀ | ၄ | ၆ | ၁၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၀ | ၉ | ၀ | ၀ |

အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ဆိတ် | ဈေးဆိုင် | - |
| - | ဘဲ | - | - |
| - | နွား | - | - |

ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၈ | - | - | - | ၂ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | - | - | - | - | ၁ |

ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | | | | | ၂၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | | ၂၀ | ၁ | ၈ | |


၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)

အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြ မြေပုံ | ၁၈-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၂၀ | ၃၀ | အိမ်အမျိုးအစားများ၊ အခြေခံ အဆောက်အအုံများ၊ လမ်းပန်း ဆက်သွယ်ရေး အခြေအနေ၊ လယ်ယာ မြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၁၈-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းပါး အုပ်စု များ | ၁၀ | ၂၀ | ၃၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘော တူ ခွဲခြားသတ်မှတ်ခြင်း |
| ၃ | ကျားမရေးရာ ကဏ္ဍ - ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၈-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၂၀ | ၃၀ | ကျေးရွာတွင်းရှိ ပိုင်ဆိုင် ထားသော အရင်းအမြစ်များ အားသိရှိခြင်း |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၈-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၂၀ | ၃၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ [illegible] လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း များ၊ ဝမ်းစာဖူလုံမှုနှင့် ပွဲတော်များ |
| ၅ | ကျားမရေးရာ ကဏ္ဍ - ၂ ပင့်ကူအိမ် သုံးသပ်ချက် | ၁၈-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၀ | ၂၀ | ၃၀ | အမျိုးသားများနှင့် အမျိုးသမီး များ၊ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ဗင်းပုံစံ | ၁၉-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၂၀ | ၃၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သော လုပ်ငန်းများအတွက် မည်သည့် အဖွဲ့များ ချိတ်ဆက် လုပ်ကိုင်မှု |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ရွှေပျောက်ကျေးရွာအုပ်စု၊ ကြာကန်ဒိတ်ကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု (၃၈)စု၊ ကျား (၅၅)၊ မ (၇၄)၊ စုစုပေါင်း (၁၂၉) ဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့် စပါးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်း ဖြင့် အသက်မွေးဝမ်းကြောင်းပြုပါသည်။ ကျေးရွာအတွင်းတွင်နေထိုင်ကြသောသူများမှာ ဗုဒ္ဓဘာသာရေးကို ကိုးကွယ်သော ဗမာလူမျိုးများအများစု နေထိုင်ကြပါသည်။အခြားတိုင်းရင်းသားလူမျိုးအနည်းစုသာ ရှိပါသည်။ ကြာကန်ဒိတ်ကျေးရွာတွင် ရေးဟောင်းရေကန်နှစ်ကန် ရှိပါသည်။ ရွာ၏လယ်ကွင်းများသည် မြောက်ဘက်တွင်ရှိပါသည်။ ကြာကန်ဒိတ်ကျေးရွာတွင် ပြေလည်သောအိမ်မှာ နည်းပါးပြီး အလယ်အလတ်အဆင့်ရှိသော အိမ်အရေအတွက်က ပိုများပါသည်။ လူဦးရေနည်းပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ကျေးရွာကလေးတစ်ရွာဖြစ်ပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုပြယား
ကြာကန်ဒိတ်ကျေးရွာ၊ ရွှေပျောက်ကျေးရွာအုပ်စု ၁၂၊ ၁၁၊ ၂၀၁

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ပြေလည်သောအဆင့် | လယ် (၅)ဧက၊ တိုက်ခံသွပ်မိုးပျဉ်ထောင်အိမ်၊ နွား၊ ဆိုင်ကယ်၊ [illegible] | ၅ | ၁၃% |
| ၂။ | အလယ်အလတ်အဆင့် | သွပ်မိုးပျဉ်ကာ၊ မွေးမြူရေး [illegible]၊ ဆိုင်ကယ်၊ | ၁၃ | ၃၄% |
| ၃။ | နွမ်းပါးသောအဆင့် | ဓနိမိုးထရံကာ၊ ဆိုင်ကယ် | ၂၀ | ၅၃% |
| | | စုစုပေါင်း | ၃၈ | ၁၀၀% |

**သုံးသပ်ချက်**

ကြာကန်ဒိတ်ကျေးရွာတွင် ပြေလည်၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့်(၃)ဆင့်ရှိပါသည်။ ပြေလည်သော အိမ်ထောင်စုများမှာ လယ်၅ဧကအထက်၊ တိုက်ခံသွပ်မိုးအိမ်၊ ပျဉ်ထောင်အိမ်၊ နွား၊ ဆိုင်ကယ်တို့ကို ပိုင်ဆိုင်ပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၅)စုနှင့် ရာခိုင်နှုန်းမှာ(၁၃%)ရှိပြီး၊ အလယ်အလတ်အဆင့်တွင် ပျဉ်ထောင်သွပ်မိုးအိမ်၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ ဆိုင်ကယ်တို့ကို ပိုင်ဆိုင်ပြီး လုပ်ကိုင်ပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ (၁၃) စုနှင့် ရာခိုင်နှုန်းမှာ (၃၄%) နှင့် နွမ်းပါးသောအဆင့်မှာ ဓနိမိုးထရံကာအိမ်၊ ဆိုင်ကယ်တို့ကို ပိုင်ဆိုင်သော အိမ်ထောင်စုမှာ အိမ်ထောင်စု(၂၀)၊ ရာခိုင်နှုန်းမှာ (၅၃%)ရှိသည်ဟု ကျေးရွာလူထုအများစုမှ သဘောတူသတ်မှတ်ခဲ့ကြပါသည်။ ကျေးရွာအတွင်းတွင်း အလွန်နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**


**စပါးစိုက်ပျိုးရေး** - နယုန်လ၊ ဝါဆိုလများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းကြပါသည်။

**အသေးစားမွေးမြူရေး** - မိသားစု ဝင်ငွေရရှိရန်အတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး တစ်နှစ်ပတ်လုံး ဝင်ငွေရရှိပါသည်။

**အလုပ်အကိုင်ရရှိမှု** - အလုပ်အကိုင်ရရှိမှုတွင် တနှစ်ပတ်လုံးဝင်ငွေရရှိသည့် အထည်ချုပ်စက်ရုံး ဝန်ထမ်းများ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ၊ ရာသီပေါ်ကျဘမ်းလုပ်ငန်းများနှင့် လခစား စက်ရုံဝန်ထမ်းများအဖြင့် အများစုက လုပ်ကိုင်ကြပါသည်။

**ပွဲတော်များ** - သီတင်းကျွတ်လတွင် မီးထွန်းပွဲတော် ကျင်းပကြပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲ၊ နတ်တော်လတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တို့ကိုကျင်းပကြပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။





### သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေးအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေးမြင့်မားအောင်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက် ကြပါသည်။ ကျေးရွာလူထုသည် ကျေးရွာ၏ ဘာသာရေး၊ သာသနာရေး၊ နာရေးကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဖွဲ့စည်းထားခြင်းမရှိဘဲ ကျေးရွာတွင် ဩဇာရှိသူများက ဦးဆောင် လုပ်ကိုင်ကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စိုက်ပျိုးရေးဘဏ် နှင့်မြို့နယ်မိခင်နှင့်ကလေးအဖွဲ့တို့သည် ကျေးရွာရှိ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်များကို ထုတ်ချေးခြင်း စသည့်ဖြင့် ကဏ္ဍစုံမှ ထောက်ပံ့ပေးလျက်ရှိပါသည်။

## ၅။ ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**ပညာရေးပါဝင်မှု**-အမျိုးသားများနှင့် အမျိုးသမီးများများသည် ပညာရေးတွင် တန်းတူအခွင့်အရေးမရရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများထက် အမျိုးသမီးများက ပို၍ဦးစားပေးခံရသည်ကို တွေ့ရှိရပါသည်။ ပညာရေးကို ဦးစားပေးသော ရွာတစ်ရွာ ဖြစ်ပါသည်။

**ဦးဆောင်နိုင်မှု**-ကျေးရွာ၏ ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် မြန်မာ့ ထုံးတမ်း အစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု-** အမျိုးသမီးများက အမျိုးသားများထက်ပိုမိုပြီး အိမ်မှုကိစ္စအပေါ်တွင် ပါဝင်ဆောင်ရွက်ရသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများက ဝင်ငွေထွက်ရှာနေရသောကြောင့် ဖြစ်ပါသည်။

**ဝင်ငွေရရှိမှု-**အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုရနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရသောကြောင့် ဖြစ်ပါသည်။

**ဆုံးဖြတ်ပိုင်ခွင့်-** စီမံကိန်းဒုတိယနှစ် စက်ဝန်းတွင် ဆုံးဖြတ်ပိုင်ခွင့်တွင်မူ အမျိုးသားနှင့် အမျိုးသမီးများသည် တန်းတူ အခွင့်အရေး ရရှိနေပြီး ဖြစ်ပါသည်။ အမျိုးသမီးများက သာပို၍ အခွင့်အရေး ရရှိနေသည်ကို လေ့လာတွေ့ရပါသည်။

**ကျန်းမာရေး-** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် ကျန်းမာရေးမှာခြားနားမှုမှာ အနည်းငယ်ရှိပြီး အမျိုးသမီးများကပိုပြီးအားသာသည်ကိုတွေ့ရှိရပါသည်။

**အဖွဲ့အစည်းပါဝင်ခွင့်-**လူထုဗဟိုပြုစီမံကိန်း စီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် အမျိုးသမီးများနှင့် အမျိုးသားတို့သည် အဖွဲ့အစည်းများတွင် တန်းတူ ပူးပေါင်းပါဝင် ရရှိနေပြီးဖြစ်ပါသည်။

**ဝင်ငွေရရှိမှု** - အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုရနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာအချိန်ကုန်နေရသောကြောင့် ဖြစ်ပါသည်။

**လုံခြုံမှု** - ယခုနှစ်တွင် ခြံနွယ်များကို စုပေါင်း ရှင်းလင်းသည့်အတွက်ကြောင့်သောလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်သောကြောင့် လည်းကောင်း၊ အသိပညာများဖွံ့ဖြိုးလာသောကြောင့်လည်းကောင်း အမျိုးသား၊ အမျိုးသမီးများ၏ လုံခြုံရေးသည် တန်းတူရှိကြောင်း လေ့လာသိရှိရပါသည်။

၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။





**သုံးသပ်ချက်**

**အသုံးပြုမှု**

ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ဆိုင်ကယ်၊ နွား၊ လက်သမားပစ္စည်း စသည်တို့ကို အမျိုးသားများ အသုံးပြုပြီး အပ်ချုပ်စက်၊ ရွှေစသည့်တို့ကို အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/ အမျိုးသမီးနှစ်ဦးလုံး အသုံးပြုသော အရင်းအမြစ်များမှာ လယ်၊ လမ်း၊ ရေကန်၊ မွေးမြူရေးတိရစ္ဆာန်၊ အိမ်၊ ဖုန်း နှင့် ဆိုလာမီး စသည်တို့ကိုအသုံးပြုကြပါသည်။

**ထိန်းချုပ်မှု**

ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆိုလာ၊ ဖုန်း၊ အိမ်၊ မွေးမြူရေးတိရစ္ဆာန်၊ လယ်၊လက်သမားပစ္စည်း၊ နွား၊ဆိုင်ကယ်စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ ရွှေ၊အပ်ချုပ်စက်အားအမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာရေကန်နှင့်လယ်လုပ်ငန်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၅.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေး ပြုလုပ်သည့် မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စီမံကိန်းလုပ်ငန်းခွဲမစတင်မီ မှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးစိုးပိုင် | ကျား | စေတနာ့ဝန်ထမ်း |
| ၂ | ဦးလှမျိုးအောင် | ကျား | ဥ/ကော်မတီခေါင်းဆောင် |
| ၃ | ဒေါ်ဥမ္မာဟန် | မ | ဒု/ကော်မတီခေါင်းဆောင် |
| ၄ | ဒေါ်ကြွယ်ကြွယ်မိုး | မ | ကျေးရွာစာရင်းကိုင် |
| ၅ | ဦးမင်းအောင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီခေါင်းဆောင် |
| ၆ | ဒေါ်ခင်မြတ်မှုံ | မ | ဝယ်ယူရေးအဖွဲ့ဝင် |
| ၇ | ဦးသိန်းဇော် | ကျား | ဝယ်ယူရေးအဖွဲ့ဝင် |
| ၈ | ဦးမျိုးမြင့်အောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးခေါင်းဆောင် |
| ၉ | ဒေါ်စောမွေ | မ | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၁၀ | ဒေါ်နီနီဝင်း | မ | " |
| ၁၁ | ဦးသန်းအောင် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးခေါင်းဆောင် |
| ၁၂ | ဦးထွန်းထွန်းဦး | " | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဝင် |
| ၁၃ | ဒေါ်ဝင်းဝင်းမော် | မ | " |
| ၁၄ | ဦးစိုးမြင့်သိန်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဒေါ်မြင့်ဝေ | မ | " |
| ၁၆ | ဒေါ်နီနီအောင် | " | စေတနာ့ဝန်ထမ်း |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |
| ၂၃ | | | |
| ၂၄ | | | |
| ၂၅ | | | |

စုစုပေါင်း။ (၁၆) ယောက် ကျား- (၈) ယောက် + မ (၈) ယောက်

၁။ ဦးလှမျိုးအောင် အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ။

၂။ ဒေါ်ဥမ္မာဟန် အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ။

မှတ်တမ်းတင်သူ

အမည် - ဒေါ်ဖြူဇင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၁၂. ၁၁. ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|---|---|
| ဦးအောင်ပိုင် | | ၀၉၇၉၈၄၄၃၃၄၉၉၂ | | [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် [illegible] | | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ---- | ၃၈ | ဘာသာ (၁) -ဗုဒ္ဓ------ | ၃၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | ဗုဒ္ဓ | ၁၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ--- | ၅၅ | ၇၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၀ | ၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) ✓ | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁း၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ---------------

မိုးရာသီတွင်ကြာချိန် ၃၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ---------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) ---------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်မိုင်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးသိန်းအောင်ဦး

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဖြူခင်ဝင်း | | | |
| နေ့စွဲ - ၁၂.၁၁.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း - ရန်ကုန် | မြို့နယ်-ကျောက်တန်း | ကျေးရွာအုပ်စု -ဘွဲ့ပြောက် | ကျေးရွာ -ကြာကန်ပိုင် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၂ | သောက်သုံးရေ မလုံလောက်ခြင်း | ၂ | ပညာရေး ဗဟုသုတ မပြည့်စုံခြင်း |
| ၃ | ရာပိုင် အဆောက်အဦး မရှိခြင်း | ၃ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၄ | | ၄ | ကျန်းမာရေး မပြည့်စုံခြင်း၊ အခက်အခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းများ၊ ရေမြောင်းများ ကောင်းမွန်စေချင် | ၁ | လမ်းများ ကောင်းမွန်စေရန် |
| ၂ | သောက်သုံးရေ သန့်ရှင်းလုံလောက်စေရန် | ၂ | ရွာတွင်း၌ ကျောင်း ဆောက်ပိုင်စေရန် |
| ၃ | ရာပိုင်အဆောက်အဦး ရှိစေရန် | ၃ | စာကြည့်တိုက်နှင့် စာအုပ်စာပေ ပြည့်စုံစေရန် |
| ၄ | | ၄ | သောက်သုံးရေ ရရန် သန့်ရှင်းလတ်ဆတ်စေရန် |
| ၅ | | ၅ | ဆေးပေးခန်းနှင့် ဝန်ထမ်း ပြည့်စုံစေရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မြို့နှင့်ဆက်သွယ်သည့်လမ်း(ကျောက်ခင်းလမ်း) | အမျိုးသား + အမျိုးသမီး | ၈၄၀,၀၀၀ | ၁၂၉ |
| ၂ | တောင်၊ မြောက်ပတ်လမ်း ကျောက်ခင်းခြင်း | အမျိုးသား + အမျိုးသမီး | ၁၁,၅၀၀,၀၀၀ | ၁၂၉ |
| ၃ | ဆောင်ကန်အား တူးဖော်ဖြည့်သွင်းရိုးဆက်ခြင်း | အမျိုးသား + အမျိုးသမီး | ၂,၂၀၀,၀၀၀ | ၁၂၉ |
| ၄ | မြောက်ကန်အား ဖြစ်ညှင်းရိုးဆက်ခြင်း | အမျိုးသား + အမျိုးသမီး | ၃,၄၀၀,၀၀၀ | ၁၂၉ |
| ၅ | ရာပိုင်ခန်းမဆောက်ခြင်း | အမျိုးသား | ၁၅၀၀,၀၀၀ | ၁၂၉ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | လျှပ်စစ်မီး လင်းရေး | အမျိုးသား + အမျိုးသမီး | |
| ၂။ | ကျန်းမာရေးဝန်ထမ်း | အမျိုးသမီး | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--ဦး လှမျိုးအောင်-- လက်မှတ်--[signature]-- နေ့စွဲ--၁၂.၁၁.၁၇--

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်းမာရေးတိုက်ထမ်း | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း
ကျောက်တန်းမြို့

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ကြောက်ကုန်းဒိတ်ကျေးရွာအတွင်း ဦးဝါးချုံ ခြံဝင်းအတွင်း |
| ပြုလုပ်သည့်နေ့ရက် | ။ | ၁၂ . ၁၁ . ၁၇ |
| ပြုလုပ်သည့်အချိန် | ။ | ၁၀:၀၀ |
| ကျေးရွာအုပ်စုအမည် | ။ | ရွှေပျောက် |
| မြို့နယ်အမည် | ။ | ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား (၁၀) ဦး၊ မ (၂၀) ဦး = ၃၀ ဦး

အကြောင်းအရာ ။ ရွှေပျောက်ကျေးရွာအုပ်စု၊ ကြောက်ကုန်းဒိတ်ကျေးရွာ ပထမအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး။

ရည်ရွယ်ချက် ။ ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်း အကြောင်း သိရှိရန်နှင့် ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ရန်။

ဆွေးနွေးချက် ။ ကြောက်ကုန်းဒိတ်ကျေးရွာ၏ [illegible] ၏ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် ကြောက်ကုန်းဒိတ်ကျေးရွာ ရာအိမ်မှူး ဦးအောင်ခိုင်မှ အဖွင့်စကားပြောကြားပါသည်။ ကျေးရွာသူ၊ ရွာသားများသည် အစည်းအဝေးဖိတ်ကြားသည့်အခါ၊ လုပ်ငန်း အောင်မြင်စေရန် အခါတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးပါရန် ပြောကြားခဲ့ပါသည်။ ထို့နောက် လက်ထောက်ညှိနှိုင်းရေးမှူး ဒေါ်မိုးမိုးသူမှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ဖြူဇင်ဝင်းမှ စီမံကိန်း မိတ်ဆက် (၁၅) ချက်ကို ဖော်ပြ ပြုလုပ်ခဲ့သည်များနှင့် ယှဉ်ပြ၍ ရှင်းပြခဲ့ပါသည်။ လူထုဗဟိုပြု စီမံကိန်းသည် ကျေးရွာလူထုအားလုံးကို အခြေပြု၍ အကောင်အထည်ဖော်ကြောင်း၊ ရန်ပုံငွေသည် လူဦးရေနှင့်တွက်ချက်၍ ကျေးရွာအုပ်စုကို ပေးကြောင်း၊ အစည်းအဝေး ၅၀% တက်ရောက်မှသာ အစည်းအဝေး အထမြောက်ကြောင်း၊ ကော်မတီများသာလျှင် အလုပ်လုပ်ရမည်မဟုတ်ဘဲ ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက်။
ဆုံးဖြတ်ချက်

။ စီမံကိန်းစက်ဝန်း အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်ကို ကျေးရွာလူထုနှင့် ကော်မတီများကို မေးမြန်းဆွေးနွေးခဲ့ပါသည်။ မနှစ်က ပြုလုပ်ခဲ့ပုံများကို အနည်းငယ်ပြန်လည် မေးမြန်းခဲ့ပါသည်။ ထို့နောက် လူထုဗဟိုပြု စီမံကိန်းသည် ဒုတိယနှစ်တွင် လုပ်ငန်းအသစ်ပြုလုပ်လို့ရကြောင်း ပြောခဲ့ပါသည်။

ဒုတိယနှစ်စက်ဝန်းအတွက် ကျေးရွာလူမှုဆန်းစစ်ရန်အတွက် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့မှ လူမှုဆန်းစစ်ခြင်း ခေါင်းစဉ် (၆) ခုအား ဆွေးနွေးမှုအပေါ် ယခင်နှစ်မှ လုပ်ဆောင်ထားသော ဆန်းစစ်မှုများအနက် လိုအပ်သည့် ပြောင်းလဲမှုများကိုသာ အမျိုးသား တစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ အဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ထိုဆွေးနွေးမှုများကို ပြန်လည် အနှစ်ချုပ် သုံးသပ်၍ ပြီးစီးခဲ့ပါသည်။

ဆုံးဖြတ်ချက်။

"ကျေးရွာလူထုအားလုံး၏ သဘောတူညီချက်အရ ဒုတိယအကြိမ် အစည်းအဝေးကို မိနစ်အနည်းငယ်ခြား၍ ဆက်လက်လုပ်ဆောင်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ
ဒေါ်မြင့်ဝင်း
( လူထုစည်းရုံးရေးမှူး )

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ကြာကန်ဒိတ်ကျေးရွာအတွင်းရှိ ဝါးချုံဒိုင်းအတွင်း |
| ပြုလုပ်သည့်နေ့ရက် | ။ | ၃၂.၁၁.၁၇ |
| ပြုလုပ်သည့်အချိန် | ။ | ၁:၁၀ |
| ကျေးရွာအုပ်စုအမည် | ။ | ရွှေပျောက် |
| မြို့နယ်အမည် | ။ | ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ လူဦးရေ ။ "ကျား (၁၀) ၊ မ (၂၀) = ၃၀ဦး

အကြောင်းအရာ ။ "ရွှေပျောက်ကျေးရွာအုပ်စု၊ ကြာကန်ဒိတ်ကျေးရွာ ဒုတိယအကြိမ် မိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက် ။ "ကျေးရွာအတွင်းတွင် အမှန်တကယ်လိုအပ်နေသော လုပ်ငန်းစဉ်များ ထွက်ပေါ်လာရန် နှင့် ကျေးရွာအတွက် စီမံကိန်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ကျေးရွာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရန်

ဆွေးနွေးချက် ။ "လက်ထောက်နည်းပညာမှူး ဒေါ်မျိုးမျိုးသူမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ယခင်နှစ်က လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များအကြောင်း ရှင်းပြပြီး ဒုတိယအကြိမ်တွင်လည်း လုပ်ငန်းစဉ်အသစ်များ ပြန်လည် ပြောင်းလဲလိုပါက မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်နိုင်ကြောင်းကို ရှင်းပြခဲ့ပါသည်။ မဲစနစ်ဖြင့် ရွေးချယ်မှု မဲအများဆုံး ရရှိပါကလည်း နည်းပညာအရ လုပ်ဆောင်ရန် ရမှသာ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ပထမနှစ်က ရွေးချယ်ခဲ့သော ဦးစားပေးလုပ်ငန်းစဉ်များကို ချပြကာ ဒုတိယနှစ်တွင် ပထမနှစ် ဦးစားပေးအတိုင်း ဆက်လက်လုပ်ဆောင်ရန် သဘောတူ၊ မတူကို ကော်မတီများနှင့် ကျေးရွာလူထုအား မေးမြန်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ သဘောတူညီချက် "ကော်မတီများနှင့် ကျေးရွာလူထုသည် ပထမနှစ် စတင်ဝိုင်းတွင် လုပ်ဆောင်ခဲ့သော မြို့နှင့်ဆက်သွယ်သည့်လမ်း စီမံကိန်း

ဆုံးဖြတ်ချက်။
သဘောတူညီချက်

"လုပ်ငန်းခွဲကို ဒုတိယနှစ်စီမံကိန်းတွင် ဆက်လက်ခြင်းသွားပါမည်ဟု အများသဘောတူ ဆုံးဖြတ်၍ အတည်ပြုခဲ့ကြပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားကို အကျဉ်းချုပ်၍ ပြန်လည် ရှင်းပြခဲ့ပါသည်၊ ကော်မတီတစ်ဦးချင်း အလိုက် ပထမနှစ်စီမံကိန်းတွင် တာဝန်ထမ်းဆောင်ခဲ့သလို ဒုတိယနှစ်စီမံကိန်းတွင်လည်း ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်ပါသလား ဟု မေးမြန်းသောအခါ ကော်မတီများ အနက် ဝယ်ယူရေး ဆပ်ကော်မတီ ခေါင်းဆောင် ဦးအောင်ခိုင်နှင့် စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင် ဦးရဲမာန် တို့သည် မိသားစု စားဝတ်နေရေး အလုပ်အကိုင် အခြေအနေအရ ဒုတိယနှစ်စီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန် အခက်အခဲ ရှိကြောင်း ကော်မတီများနှင့် ကျေးရွာလူထု မှ တင်ပြ ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ကော်မတီ ၂ ဦး နေရာကို ၃ ဦး အဆိုပြုစေကာ မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ဝယ်ယူရေးဆပ်ကော်မတီ ခေါင်းဆောင်နေရာတွင် ဦးမင်းအောင် နှင့် စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့ဝင် နေရာတွင် ဦးမျိုးမြင့်အောင် တို့ ရွေးချယ် ရရှိခဲ့ပါသည်။ ထို့နောက် အိမ်ကိုင်းလုပ်ငန်းခွဲ စတင်ချိန်တွင် ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ပေးကြပါရန် ပြောကြား၍ ဒုတိယအကြိမ် အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။

Phyu

မှတ်တမ်းတင်သူ
ဒေါ်ဖြူဖြူဝင်း
(လူထုစည်းရုံးရေးမှူး)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊